# သခင်ယေရှု ရှင်ပြန်ထမြောက်တော်မူသော
# ပါစကားပွဲတော်ကြီး

ရှင်ယောဟန် ၂၀း ၁ - ၉

ယနေ့ သခင်ယေရှု သေရာမှ ပြန်ရှင်တဲ့ပွဲ ပါစကားပွဲ ၊ ခရစ်ယာန်တွေရဲ့ ဝါကျွတ်ပွဲတော်ကြီးကို ကျင်းပကြပါတယ်။ စိန်ဩဂုတ်စတင်း ပြောခဲ့သလို "သခင်ယေရှု သေခဲ့တယ်ဆိုတာကို ယုံကြည်တာက အဆန်းမဟုတ်ပေမဲ့ သခင်ယေရှု သေရာမှ ပြန်ရှင်တယ်ဆိုတာကတော့ လူ့သမိုင်းတစ်လျှောက်မှာ အထူးဆန်းဆုံး အဖြစ်အပျက် ဖြစ်ပါတယ်။ ဘယ်လူမှ သေရာမှ ပြန်မရှင်ခဲ့ကြလို့ ဖြစ်ပါတယ်။ သခင်ယေရှုက မျက်မမြင်ကို ပြန်မြင်အောင် တန်ခိုးနဲ့ လုပ်ပေးနိုင်တာ၊ ရေပေါ်မှာ လမ်းလျှောက်နိုင်တာ၊ မုန့်(၅)လုံးနဲ့ ငါးနှစ်ကောင်ကို သူ့တန်ခိုးတော်နဲ့ ပွါးများစေပြီး လူ (၅၀၀၀) ကျော်ကို ကျွေးခဲ့တာ ဒါတွေက ဒီလောက် အံ့ဩစရာမကောင်းလှပေမဲ့ သေတဲ့လူကို သေရာမှပြန်ရှင်စေတာ၊ အသက်ပြန်ပေးနိုင်တာ၊ သူကိုယ်တိုင် သေရာမှပြန်ရှင်နိုင်တာဟာ ဘုရားဖြစ်ကြောင်း သက်သေပြနေတာပါပဲ။

သခင်ယေရှုရဲ့ အသေခံခြင်းကတော့ ဘုရားက လူတွေကို ဘယ်လောက်ချစ်ကြောင်း၊ ခမည်းတော်ဘုရားကို သူက ဘယ်လောက်ချစ်ပြီး နာခံကြောင်းကို ပြတာဖြစ်တယ်။ အသေခံခြင်းက ဘုရားဖြစ်ကြောင်းကို ဒီလောက် သက်သေမဖြစ်ပါဘူး။ သေရာမှပြန်ရှင်ခြင်းကသာ သခင်ယေရှုဟာ ဘုရားဖြစ်ကြောင်း ထင်ရှားစွာ သက်သေပြတာဖြစ်ပါတယ်။ သခင်ယေရှုက သေရာမှ ပြန်ရှင်တယ်ဆိုမှတော့ သခင်ယေရှု မိန့်တော်မူခဲ့တဲ့စကားတွေက အမှန်တွေပေါ့။ သခင်ယေရှု ကြွေးကြော်ခဲ့တဲ့ " ငါသည် အသက်ဖြစ်၏။ ငါသည် ကောင်းကင်ဘုံသို့ သွားတဲ့လမ်း ဖြစ်၏။ ငါသည် အမှန်တရား (သမ္မာတရား)ဖြစ်၏။ ငါသည် ရှင်ပြန်ထမြောက်ခြင်း ဖြစ်၏" ဆိုတဲ့ စကားတွေလည်း မှန်မှာပေါ့ကွ။ ဒါကြောင့် သေရာမှပြန်ရှင်ခြင်းဟာ ခရစ်ယာန်တွေအတွက် ဝမ်းသာစရာ၊ မျှော်လင့်စရာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သခင်ယေရှုက သေရာမှပြန်ရှင်လို့ ကျနော်တို့လည်း သေခြင်းကို ကြောက်စရာ မလိုတော့ဘူးပေါ့။ "ငါ၌ ယုံကြည်သောသူသည် သေပြီးသော်လည်း အသက်ရှင်လိမ့်မည်" လို့ ကတိပေးထားလို့ ဖြစ်ပါတယ်။ နောက်ပြီး သခင်ယေရှုက ကျနော်တို့အတွက် အသေခံတော်မူတာကို ကြည့်ခြင်းအားဖြင့် ကျနော်တို့ကို ဘုရားက ဘာပဲဖြစ်ဖြစ် ချစ်နေတယ်ဆိုတာ သေချာတယ်။ ဘုရားက ကားတိုင်ပေါ်မှာ အသေခံတာကို ကြည့်ခြင်းအားဖြင့် ကျနော်တို့ အပြစ်တွေ ဘယ်လောက်များများ ဘုရားက ခွင့်လွှတ်နိုင်တယ်ဆိုတာကိုလည်း သေချာစေပါတယ်။ ဒါကြောင့် ဒီနေ့ဖတ်ရတဲ့ ပထမကျမ်းစာ (တမန်တော်ဝတ္ထု ၁၀း ၄၃) မှာ ရှင်ပေတရုက "ပရောဖက်အပေါင်းတို့ကလည်း ကိုယ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် ကိုယ်တော်၏နာမတော်အားဖြင့် အပြစ်များခွင့်လွှတ်ခြင်းခံကြရသည်ဟူ၍ ကိုယ်တော့်ကို သက်သေခံကြကုန်၏။" လို့ မိန့်တော်မူထားပါတယ်။

လောကကြီးမှာ အမုန်းတရား၊ မကောင်းမှုက အနိုင်ရတယ်၊ ကောင်းတဲ့လူတွေက ရှုံးနေတယ်တယ်လို့ ထင်မြင်စရာပါပဲ။ ဟုတ်တယ်လေ။ အများပြည်သူအတွက် ကောင်းတဲ့လူတွေက ထောင်ထဲရောက်နေရပြီး မတရားတဲ့လူ၊ မကောင်းတဲ့လူတွေက အနိုင်ရနေတယ်လို့ ထင်မြင်စရာပါပဲ။

သခင်ယေရှုရဲ့တပည့်တော်ကြီးတွေကလည်း အဲဒီလို ထင်မြင်ခဲ့ကြတယ်။ ဒါကြောင့် သခင်ယေရှု အဖမ်းခံရတဲ့အခါ သူတို့လည်း ကြောက်လို့ ထွက်ပြေး ပုန်းရှောင် နေခဲ့ကြတယ်။ သခင်ယေရှုကို ရိုက်ကြ၊ ညှင်းဆဲကြ၊ သေဒဏ်ပေးကြတာကို မြင်ပြီးတော့ သခင်ယေရှုဘဝကတော့ အရှုံးနဲ့ပဲ အဆုံးသတ်ရပါပြီလို့ ထင်မြင်ခဲ့ကြတယ်။ ဘာပဲပြောပြော လောကမှာ မကောင်းမှုက အနိုင်ရနေတာကို မြင်တွေ့နေရတာပါပဲ။ ဒီလို မကောင်းမှုတွေ၊ ဆိုးသွမ်းမှုတွေကို ဘုရားတရားနဲ့ ခံထမ်းခဲ့တယ် "အိုအဘဘုရားသခင်၊ ကျွန်ုပ်၏အသက်ဝိညာဉ်ကို ကိုယ်တော်၏လက်တော်သို့ အပ်နှံလိုက်ပါသည်" လို့ ဆုတောင်းအပ်နှံခဲ့ပါတယ်။ ဒါကြောင့် သခင်ယေရှုကို အရှုံးနဲ့ပဲ နိဂုံးချုပ်ရတယ်လို့ ထင်မှတ်ရပေမဲ့ အခုတော့ သေရာမှပြန်ရှင်ခြင်းအားဖြင့် မကောင်းမှုကို အနိုင်ယူပြလိုက်ပါပြီ။ မကောင်းမှု၊ မတရားမှု၊ မုန်းတီးမှုတွေက ရှုံးပြီးတော့ ချစ်ခြင်းမေတ္တာရှိသူကသာ အနိုင်ရပါတယ်။ ကောင်းတဲ့လူတွေကသာ အနိုင်ရပါတယ်။ ဘုရားကို ယုံကြည်အားကိုးတဲ့သူတွေကသာ လောကကို အနိုင်ရပါတယ်။

သခင်ယေရှု သေရာမှပြန်ရှင်လို့ ဘုရားကို ယုံကြည်ကြတဲ့ကျနော်တို့လည်း သေမှာကို မကြောက်ကြတော့ပါဘူး။ လူအများစုက သေမှာကို ကြောက်နေကြပါတယ်။ အသက်ကြီးမှာ သေမှာကို မလိုချင်ကြဘူး။ ကိုယ့်ကိုယ်ကို ငယ်ရွယ်သေးတယ်၊ လောကမှာ အကြာကြီးနေရဖို့ အချိန်ရှိသေးတယ်ဆိုပြီး သေခြင်းကို မေ့ထားချင်နေကြပါတယ်။ ကိုယ်ကာယ သေခြင်းကတော့ ကြုံမှာပဲ။ ကျနော်တို့က ဒီလောကအတွက်ပဲ အသက်ရှင်နေကြတာမှ မဟုတ်တာပဲ။ နောက်လာမည့်ဘဝ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ဖို့ အတွက်ပါပဲ။ ဒါကြောင့် ဒီနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ (ကောလောဆေ ၃း၂)မှာ "သင်တို့သည် မြေကြီးပေါ်မှာ ရှိသောအရာများကို စိတ်စွဲလမ်းခြင်းမရှိဘဲ အထက်အရပ်၌ ရှိသောအရာတို့ကိုသာ စွဲလမ်းကြလော" လို့ သံပေါလူးက သတိပေးထားတာပေါ့။ သခင်ယေရှုရဲ့ သေရာမှပြန်ရှင်ခြင်းအားဖြင့် ကျနော်တို့ကိုလည်း သေရာမှပြန်ရှင်စေမယ်ဆိုတာ သေချာစေပါတယ်။ ဒီလို ဘုရားနဲ့သက်ဆိုင်တဲ့ ကောင်းမြတ်ရာတွေကိုသာ စွဲလမ်းကြမယ်ဆိုရင် သင့်ဘဝဟာ စိတ်ပျက်စရာတွေ မရှိတော့ပါဘူး။

တခါတုံးက မာတင်လူသားဟာ အတိုက်အခံတွေများလွန်းလို့ စိတ်ပျက်ပြီး မျက်နှာညှိုးငယ်နေချိန်မှာ သူ့မိန်းမက တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ပြီး သူ့ရှေ့မှာ ဖြတ်လျှောက်သွားပါတယ်။ (တစ်ခြားနိုင်ငံတွေမှာ အသုဘချတဲ့အခါ ဝမ်းနည်းကြောင်း ပြဖို့အတွက် အနက်ရောင် ဝတ်ဆင်လေ့ရှိကြပါတယ်)။ ဒါနဲ့ မာတင်လူသားက "နင် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ အနက်ရောင်တွေပဲ ဝတ်ဆင်ထားတာလဲ " လို့ မေးလိုက်ပါတယ်။ သူ့မိန်းမက " ဩော် ဒါလား။ ဘုရား သေလို့ " တဲ့ ။ ဒီအခါ မာတင်လူသားက စိတ်ဆိုးပြီး "ဘုရား သေတယ်လို့ နင့်ကို ဘယ်သူက ပြောလဲ " လို့ မေးတဲ့အခါ "ရှင့်မျက်နှာက ပြောနေတယ်လေ" လို့ ပြန်ဖြေလိုက်ပါတယ်။ သူပြန်ပြောလိုက်တာ မှန်ပါတယ်။ သခင်ယေရှုက တကယ် သေရာမှပြန်ရှင်တယ်ဆိုရင် ခင်ဗျားမျက်နှာက ဘာမှိုင်နေတာလဲ။ ဘာစိတ်ပျက်စရာ ရှိနေသေးလဲ။

ဒါကြောင့် ကျနော်တို့လည်း သေရာမှပြန်ရှင်နိုင်တဲ့ဘုရားကို ယုံကြည်အားကိုးသူတွေပီပီ စိတ်ပျက်မနေကြပါနဲ့။ မျှော်လင့်စရာကြီးက ကျနော်တို့ရှေ့မှာ ထင်ထင်ရှားရှားကြီး မြင်နေရတာဘဲ။ ဘာကြောင့် မျက်နှာကြီး မှိုင်နေရမှာလဲ။ သခင်ယေရှု ရှိနေတဲ့ ကောင်းကင်နဲ့ဆိုင်တဲ့အရာတွေကိုသာ စွဲလမ်းကြပါ။ မတည်မြဲတဲ့ဒီလောကရဲ့အရာတွေကို မစွဲလမ်းကြပါနဲ့။ စိတ်လေတာပဲ အဖတ်တင်မယ်။ ဘာမျှ အမြတ်ရမှာ မဟုတ်ဘူး။ **Happy Easter .** အာ လေ လူယား